Burmese

METROPOLITAN Nashville PUBLIC SCHOOLS

ဧပြီလ ၁ ရက် ၊ ၂၀၁၆

လေးစားရပါသော မိဘများ

ဤစာမှာTusculum မူလတန်းကျောင်းအတွက် ကျောင်းဆောင်အသစ်၏တိုးတက်မှု၏နောက်ဆုံးအကြောင်းအရာ ဖြစ်ပါသည်။ ခန့်မှန်းခြေအသုံးစရိတ်၌ ဆောက်လုပ်ရေး ဈေးပြိုင်ကမ်းလှမ်းချက်ကို ပြုလုပ်ပြီးသည့်နောက် ဆောက်လုပ်ရေးတွင် နှောင့်နှေးမှု အနည်းငယ် ရှိနေပါသည်။ ကန်ထရိုက်တာများ contractors မှ လက်ခံရရှိထားသော ခန့်မှန်းခြေကုန်ကျစရိတ်မှာ ခန့်မှန်းခြေ ရသုံးငွေ ဘတ်ဂျက် budget ပရောဂျက်ထက် အလွန်များပြားလှပါသည်။

ခန့်မှန်းခြေ ရသုံးငွေဘတ်ဂျက်ထက်ကျော်လွန်ပြီး မကုန်ကျစေရန်နှင့်ဆောက်လုပ်နေစဉ်ကာလအတွင်းဖြစ်လာနိုင်မည့်အခက်အခဲများကို ရှောင်ရှားနိုင်ရန်အလို့ငှါ ၊ ကျွန်ုပ်တို့၏စီမံကိန်းနှင့်ဆောက်လုပ်ရေးအမှုဆောင်အဖွဲ့ Planning and Construction team မှ ကန်ထရိုက်တာများအား အချိန်အနည်းငယ် ထပ်မံပြီး ကြာသွားနိုင်မည့် အခြားနောကထပ် ခန့်မှန်းတွက်ချက်မှုကို ပြန်လည်ပြီး မေးမြန်းထားခဲ့ပါသည်။ ဤခန့်မှန်းချက်အသစ်မှာ ခန့်မှန်းထားသော ရသုံးငွေဘတ်ဂျက်အတွင်း၌သာ ရှိပါသည်။ အင်္ဂါနေ့ ၊ မတ်လ ၂၉ ၌ ဆောင်လုပ်ရေးအား မကြာမီအတွင်း စတင်သွားမည့် ကျောင်းဆောင်အသစ် ကန်ထရိုက်ကို ကျောင်းအမှုဆောင်ဘုတ်အဖွဲ့မှ အသိအမှတ်ပြုခဲ့ပါသည်။ စတင်ပြီး ဆောင်လုပ်သွားသည်နှင့် အခြေအနေ တိုးတက်မှု၏ နောက်ဆုံး အကြောင်းအရာများကို သိရှိနိုင်ရန်အတွက် MNPSconstruction.com သို့ သွားရောက် လေ့လာကြည့်ရှုနိုင်ပါသည်။

နောက်ကျမှုရှိနေသော်လည်း ဩဂုတ်လ ၂၀၁၇၌ ဖွင့်လှစ်သွားနိုင်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ဤအချိန် သတ်မှတ်ချက်အသစ်သည် ကျောင်းအဆောင်ဟောင်းအား ဖြိုချဖျက်စီးခြင်းကို ၂၀၁၇ နွေရာသီ၌ ပြုလုပ်သွားပါမည်ဟုပါ ဆိုလိုပြီး ထိုအချိန်၌ ပြုလုပ်ရခြင်းမှာ ကျောင်းသားများနှင့်ဆရာဆရာမများအတွက် အနှောက်အယှက်ဖြစ်စေမှုအား ပိုပြီး လျော့ပါး သက်သာသွားစေဖို့အတွက် ဖြစ်ပါသည်။

ဤပရောဂျက်အတွင်း သင်တို့မှ ဆက်လက်ပြီး စိတ်ရှည်သည်းခံပေးကြသည့်အတွက် ကျေးဇူးတင်ရှိပါသည်။ သင်တို့၏ပံ့ပိုးကူညီ ပေးမှုအတွက် ကျွန်ုပ်တို့ အားရဝမ်းမြောက်မိပါသည်။ ကျောင်းဆောင်သစ်ဖွင့်ပွဲ၌ ဖဲကြိုးဖြတ်ရန်အတွက်ပင် မစောင့်ဆိုင်းနိုင် တော့ပါ။

အကယ်၍ သင်၌ မေးခွန်းများနှင့်ဝေဖန်ချက်များရှိပါက ၊ သင်တို့၏ကျောင်းအုပ်ဖြင့် ဆက်သွယ်ပြောဆိုပြီး သို့မဟုတ် 615-259-INFO (4636) ဖြင့် Metro Schools Customer Service Center ထံသို့ ကျေးဇူးပြုပြီး ဖုန်းခေါ်ပါ။

ကျေးဇူးတင်ရှိပါသည်။

မက်ထရိုနက်ရှ်ဗေးလ်အစိုးရကျောင်းများ Metro Nashville Public Schools